


mgyoe.com

သုရှင် နှလုံး ကွဲချေသည်။ နှလုံးကွဲတာ ကျွန်တော်လား သူလား မသေချာဘူး။

mgyoe.com

# မောင်ဝဏ္ဏ လိုချ်မရသော ဆင်းရဲ

ISBN9789997119919
MWNB
9 789997 119919
1,500.00KS

mgyoe.com

NNCL WORKSHOP

mgyoe.com

လိုရှိမရသော ဆင်းရဲ မောင်ဝတ္ထု
မျက်နှာဖုံးဒီဇိုင်း - ထွန်းဝင်းအောင်
တမျက်နှာ ၈၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၉ ပုဂံစာအုပ်တိုက်ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## စာရေးသူ၏ဝန်ခံချက်

အပ်ကြောင်းထပ်နေသော ဇာတ်လမ်းကို ဝတ္ထုပြာန်ဖွဲ့ ခြင်းမျှသာ ဖြစ်ပါသည်။ မထူးခြားသောဇာတ်ကြောင်းဖြစ် သဖြင့် စာဖတ်သူအား တောင်းပန်ပါသည်။

mgyoe.com

mgyoe.com


ကိုယ်တိုင် လက်နဲ့ပေးလိုက်လည်း ရတာကို တုန်လှုပ်ချောက်ချားနေလို့ ကျူတိုရီယယ် အဖြေလွှာထဲမှာ ခုံနံပါတ်တပ်ပြီး ရည်းစားစာပေးခဲ့တယ်လေ။ မေ့လောက်ရောပေါ့နော်။ မ အတွက်တော့ ဒါမျိုးတွေများ ဟားဟား ရီး ဟိုး ဟိုး နေပြီထင်ပါရဲ့။ သတိရသေးတယ်ဆိုရင်တော့ အဆစ်ထပ်ထည့်ပြီး လွမ်းပစ်လိုက်မယ်။ မှတ်ပလား။

## အလှရှန်းစိုသာမောရာ မြကျွန်းညို့ကဗျာတောမှာ

တလောက ဆရာကန်တော့ပွဲမှာ ပါမောက္ခတွေဖြစ်နေကြတဲ့ အစ်မ ဒေါက်တာတင်တင်ထွန်းတို့၊ ဒေါ်ရီရီမြင့်တို့နဲ့တွေ့တယ် (ပင်စင်နီးနေကြပြီတဲ့)။ စကားစပ်မိတော့ မ လည်း ညွန်မှူးပါပဲတဲ့လေ။ ဟိုး လာချင်ရင်အနီးလေး၊ မလာချင်ရင် ခရီးဝေးတဲ့။ ပြည်နယ်မြို့တော်မှာတဲ့လေ။ အငြိမ်းစားတော့မယ်တဲ့။ ရာထူးမတက်လို့တဲ့။ ဒုချုပ်ဖြစ်လောက်ပြီတဲ့။ ဖြစ်နိုင်တာပေါ့လေ၊ မ လည်း ခေသူမှမဟုတ်တာ။ ကျွန်တော်ကတော့ ကလေကြီးပါပဲ။ လမ်းပေါ်မှာ လေတုန်း။ နွေလေပွေထဲမှာ ကတ္တရာလမ်းပေါ် တရွတ်တိုက်လွင့်တတ်တဲ့ ကုက္ကိုရွက်ကြွေလိုပေါ့။

ပါမောက္ခအစ်မတွေနဲ့တွေ့၊ စာအုပ်တွေဖွတ်ငှားပြီး ပြန်လာတော့ သား "ဖိုးပြေ" ကို မေးတယ်။ "အဲဒီ အဘွားကြီးတွေ လှလားသား" သားကပြန်ပြောတယ်။ "ငယ်ငယ်က လှမယ်ထင်တယ်" တဲ့။ ကျွန်တော်က "ဒါကြောင့်လည်း... ကို ဟိုငတိ အသည်းစွဲချစ်ခဲ့တာပေါ့ကွာ၊ ဒါပေမဲ့ သူတို့အချစ်ကံက ခေသကွ၊ အကြောင်းတစ်ခုကြောင့် မပေါင်းကြရဘူး" အဲသည်လိုပြောပြီးမှ ကျွန်တော် အပြင်ဘက်က ရှုပ်ယှက်ခတ်နေတဲ့လူတွေ၊ ကားတွေကိုကြည့်မိတယ်။ အဲဒီမြင်ကွင်းဟာ ကျွန်တော့် အသိအမှတ်ပြု အာရုံထဲကိုမရောက်ဘူး။ ဆူညံသံတွေလည်း မကြားရဘူး။ ဘာမှမမြင်ဘူး။ ဘာမှမကြားရဘူး။ ဘယ်မှန်းမသိတဲ့ တစ်နေရာကို

mgyoe.com

mgyoe.com


ငေးနေမိတယ်။ တစ်စုံတစ်ရာက ဆွဲဆောင်လို့ ဆင်ခြင်သိမှဲ့လျက် လိုက်ပါသွားနေတဲ့ ခန္ဓာငါးပါးစလုံးဟာ အသိမဲ့ကင်းစွာ ရွေ့လျားနေတယ်။ ဘယ်ဆီဘယ်ဝယ် မသိပေဘူး။

ပြီးတော့ သားကို ကျွန်တော်ပြောတယ်။ "တစ်နေရာကို မောင်းကွာ" ဆိုတော့ သားက "ဘယ်ကိုလဲ" တဲ့။

"ကျောင်းထဲကွာ"

"ဖေဖေ ကျောင်းထဲက ပြန်လာတာပဲလေ" တဲ့။

ကျွန်တော်က "အေး... အဲဒီကျောင်းထဲပဲ ပြန်မောင်းကွာ"

သားကကျွန်တော့်ကို "ဖေဖေလည်း 'ဟတ်' ထိနေပြီ မဟုတ်လား" ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲ ပြန်မောင်းတယ်။ ဝိဇ္ဇာမဟာဌာနရှေ့မှာ ရပ်တယ်။ ကျွန်တော် ကားပေါ်ကဆင်းတယ်။ သားက အလိုက်တသိနဲ့ "သား... ကားပေါ်ကပဲ စောင့်နေမယ်။ ကက်ဆက်နားထောင်ချင်လို့" လို့ ပြောတယ်။ ကျွန်တော့်စိတ်ထဲမှာ လူကြီးတစ်ယောက်က လူငယ်တစ်ယောက်ကို ကိုယ်ချင်းစာပြီး ခဏတစ်ဖြုတ် "လေလွင့်ခွင့်" ပြုလိုက်သလို ခံစားရတယ်။ ဟုတ်ပါ့ဗျာ၊ ကျွန်တော့်သားက ကျွန်တော့်ကို ခဏတစ်ဖြုတ် 'လေလွင့်ခွင့်' ပေးလိုက်တာပါပဲ။

ကံ့ကော်တောတွေ တော်တော်ရင့်ကျက်နေပြီ။ ဝိဇ္ဇာမဟာဌာနကြီးရဲ့ လက်ယာဘက်ထောင့်မှာရှိတဲ့ စွယ်တော်ပင်ကလေးတောင် စွယ်တော်ပင်ကြီး ဖြစ်နေပြီ။ ပင်စည်တွေ ကွေးလို့ညွတ်လို့ တည်ငြိမ်စွာလှပနေပြီဗျာ။ စွယ်တော်ပင်လည်း ရင့်ကျက်စွာ ကွေးညွတ်နေပြီပေါ့လေ။ ကျွန်တော် "နေရစ်တော့ မြသီလာ" ခဲ့တာပဲ သုံးဆယ်နဲ့မှ ရှစ်နှစ်ကြီးတောင် ရှိပြီပဲဗျာ။ လူငယ်တွေအတွက်တော့ ရန်ကုန်တက္ကသိုလ်ဝင်းကြီးဟာ သိပ်ခံစားဖို့ကောင်းတဲ့နေရာ ဟုတ်တော့မယ် မထင်ဘူးဗျာ။ သူတို့

mgyoe.com

mgyoe.com


တေးထပ်တွေ၊ ဘာတွေ ကြိုက်တတ်တာပေါ့ဗျာ။ ကျွန်တော်တို့ သားတွေကတော့ သူတို့ကို အိမ်အပြင်ခဏသွားစေချင်ရင် အဲဒီခေတ်ဟောင်းတို့ 'ပြန်ပြန်၊ ပြန်ပြန်၊ ပြန်ပြန်ဆို' တို့ ဖွင့်လိုက်တာပဲ။ တစ်ယောက်မှ အနားမကပ်တော့ဘူး။ လစ်ကုန်ကြတာပဲ။

အဲ... မိုးတွေ မဲကြီးသဲကြီးရွာတော့ နောက်ထပ် ရတုတစ်ပုဒ် သတိရတယ်ခင်ဗျ။ မင်း နဝဒေးကြီးရေးတဲ့ မိုးတောအလိုက်ရတုကဗျာ။ တစ်ပိုဒ်တည်း မှတ်မိတာ ခင်ဗျ။

'မည်းဘိသည်လည်း မည်းဘိသည်၊ ကြူးခြည်ရင့်ဟုန်၊ တသုန်သုန်လျှင်၊ ပဇ္ဇုန်နတ်ကျော်၊ ခေါ်လတုံတုံ၊ သံဟုန်ခြိမ်းထစ်၊ လျှပ်စစ်ပြိုးပြောင်၊ တိမ်တောင်ရွှေ့လျား၊ မြောက်သို့ပါးခဲ့၊ မြလားကြင်ကျွမ်း၊ တမ်းတမ်းမယ့်မှာ၊ မကြိုးလှာဟု၊ ဗျာပါဝုက်လိုက်၊ အောက်မေ့ကြိုက်ဝယ့်၊ စောင်းလိုက်၏သို့၊ သည်းဆို့ဘိခြင်း၊ ပဇ္ဇုန်ကျင်းလျှင်၊ ဆွေပြင်းခါခါ၊ မိုးဒေဝါသည်၊ မရွာနှင့်လေ ချမ်းတော့၏...' တဲ့။

ကြိုက်လွန်းလို့ အလွတ်ကျက်ထားတဲ့အတိုင်း မှတ်မိသလို ရေးလိုက်တာပါ။ (ပညာရှင်များ အမြင်မတော်ရင် ပြင်တော်မူကြပါလိမ့်မယ်။ ကျွန်တော်က အရေးပါတဲ့ကောင်မှ မဟုတ်တာကြီး)

သည်လိုနဲ့ မိုးဖွဲသွားတော့ ပြန်လာခဲ့တယ်။ ကျွန်တော့်သားကလည်း ဘာစိတ်ကူးပေါက်နေသလဲ မသိဘူးဗျာ။ ကားထဲမှာ အမေရိကန်တေးသီချင်း(ကန်းထရီး) အလွမ်းတစ်ပုဒ် ဖွင့်နေတယ်ခင်ဗျ။ ဟိုတယ်လ်ကာလီဖိုးနီးယား အီးဂဲလ်အဖွဲ့က တီးခတ်သီဆိုထားတာ ခင်ဗျ။ ဟော်လိုဂစ်တာနဲ့(ကပ္ပလီပုံ) ဒရမ်ကလည်း ကောင်းလိုက်တာဗျာ။ အဲဒီသီချင်းစာသားထဲမှာ 'Sweet summer sweet, some days to remember some days to forget,... Period... 1969' ဆိုတာပါသဗျ။ ကျွန်တော့်အတွက် ဇာတ်ဝင်သီချင်း ရေးထားတာကျနေတာပဲ။ ကွက်တိဗျာ။

mgyoe.com

. mgyoe.com



ကျွန်တော့်နှလုံးသား နိုင်ငံတော်ကို အင်အားသုံးပြီး ဝင်ရောက်စီးနင်း တိုက်ခိုက် ဖုံးကြဲရင်း တတိယမ္ဘိ ကျူးကျော်သိမ်းပိုက် ဖောက်ခွဲဖျက်ဆီး အပစ်ခံခဲ့ရတဲ့နှစ်ဟာ အဲဒီ ၁၉၆၉ ခုပေါ့ဗျာ။

တိတိကျကျပြောရရင် ၁၉၆၉ ခု၊ ဧပြီလ ၅ ရက်နေ့ခင်ဗျ။ မင်းက လည်း ဒါမျိုးကျတော့ မှတ်ဉာဏ်တော်တော်ကောင်းပါလားလို့ မထင်နဲ့ ဗျာ။ အများအားဖြင့်က မေ့မေ့လျော့လျော့ ဖြစ်ကုန်ပြီ။ အခု စာရေးနေတဲ့ ဒီလဟာ သီတင်းကျွတ်လား၊ တန်ဆောင်မုန်းလားမသိဘူး။ လက်မှတ် ထိုးပြီး နေ့စွဲတပ်ရင် သတင်းစာလိုက်ရှာရတယ်။ ဒါမှမဟုတ် တစ် ယောက်ယောက်ကိုမေးရတယ်။ အဲ... ဒါပေမဲ့ ခုနလို တတိယမ္ဘိ သုံးကြိမ် မြောက် ကျွန်တော့်နှလုံးသားနိုင်ငံကို ဖျက်ဆီးသိမ်းပိုက်ခံရတဲ့နေ့ကိုတော့ ဘယ်မေ့လိမ့်မတုံး။

သားက 'ဟိုတယ်လ်ကာလီဖိုးနီးယား'ကို ကျွန်တော်မကြိုက်ဘူး ထင်လို့ ပိတ်မယ်လုပ်တယ်။ ကျွန်တော်က "မပိတ်နဲ့သား၊ အဲဒီသီချင်း ဖေဖေသိပ်ကြိုက်တယ်၊ နည်းနည်းကျယ်ကျယ်ဖွင့်" လို့ ပြောလိုက်တယ်။ သားက ဘူဒါးကြီး ဘရိုးကင်းဟတ်ဖြစ်နေပြီဆိုတဲ့ မျက်နှာမျိုးနဲ့ ပြုံးသ ဗျ။ ကိစ္စမရှိပါဘူး။ သားအဖပဲ ပွင့်ပွင့်လင်းလင်းပေါ့။ သားက 'အေးဆေး ပဲ'။ မိုးဖွဲဖွဲထဲမှာ ကုံ့ကော်တောထဲက ဖြည်းနှေးလေးကန်တဲ့ 'စိတ်ခြေ လှမ်း' တွေနဲ့ ပြန်ထွက်ခဲ့တယ်။ လူကတော့ ကားပေါ်မှာ။

ကုံ့ကော်တောထဲက ထွက်ခါနီး လက်ဝဲဘက်မှာရှိတဲ့ ရှင်းသန့်သန့် ကွက်လပ်တစ်ခုကို သတိထားမိတယ်။ မိုးဖွဲဖွဲအောက်မှာ ဗိုလ်အောင် ကျော် အထိမ်းအမှတ်ကျောက်တိုင်ပုက 'ငုတ်တုတ်'။

ဟိုးခပ်လှမ်းလှမ်းမှာ အုတ်နီနီနံရံပေါ်က ရှေးဟောင်းပုံစံ အားကစား ရုပ်ကြွတွေကို လှမ်းမြင်ရတယ်။ ဝိုးတဝါးပါ။ အဲဒါ ရန်ကုန်တက္ကသိုလ် အားကစားရုံလေ။ ကျွန်တော်၊ ကိုပြည့် (ဆရာအောင်ပြည့်) တို့တစ်တွေနဲ့

mgyoe.com

mgyoe.com



ငိုက်စိုက်ချပြီး မျက်စိကိုစုံမှိတ်ရင်း ဟင်းခနဲမြည်အောင် မှုတ်ထုတ်လိုက်တဲ့ သက်ပြင်းချသံပဲ။

ရိုးရိုးခေါင်းခါလိုက် ပြီးရောပေါ့ဗျာ။ အဖြေက မချစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး၊ မကြိုက်နိုင်ဘူး စသဖြင့် အဓိပ္ပာယ်ကောက်လို့ လွယ်တယ်။ မလွယ်တာက အဲဒီသက်ပြင်းချသံပဲ။ ပြီးတော့ မျက်စိလေး မှေးထားသေး။ ခေါင်းကလေးက ငိုက်ထားသေး။ မြေပြင်ကို ဝေဟင်အမှတ်နဲ့ လွင့်နေအောင်ကြည့်ပြသေး။ အဓိပ္ပာယ်က အများကြီးပဲ။ တစ်နေကုန်အောင် ပြောတဲ့စကားတွေ၊ ဒါမှမဟုတ် နေခြည်အစောင်းမှာ ရွှေရည်လောင်းထားတဲ့ ဧည့်ချိန်ပေါင်းများစွာ အနန္တထက် အဆအရာအထောင်မကသာတယ်။ အဲဒီ မျက်စိမှိတ်၊ ခေါင်းငိုက်၊ သက်ပြင်းကြီးချတာလေးက တစ်သက်စာ ဖူလုံသွားပါရောလား အရပ်ကတို့ရေ။

အဓိပ္ပာယ်ဖော်ကြည့်တယ်။ ဘာလဲ၊ ဘာကိုဆိုလိုတာလဲ။ ခေါင်းခါတာကတော့ မချစ်နိုင်ဘူးပေါ့။ ဟုတ်ပြီ… ဘာကြောင့် သက်ပြင်းချရတာလဲ၊ မသိဘူး။ အိမ်က လက်ထပ်ပေးတော့မယ်၊ မေမေက နှလုံးရောဂါ ဘာညာဆိုတာမျိုးတွေက ဆီသည်မ လက်သုတ်ပဝါဖြစ်နေပြီ။ အဲဒါမျိုး တစ်ခုခုပြောလို့ကတော့ ဝဏ္ဏဆိုတဲ့ကောင်က 'မရယ်ရတဲ့ အပြင် ရယ်တောင်ရယ်ချင်သေး… ဟေး… ဟေး' လို့ ပြန်ပြောခဲ့မှာ။ 'ခင်ဗျားပညာ ဒါအကုန်ပဲလား၊ မူကြိုလောက်ပဲ ရှိပါတယ်ဗျာ၊ ယုန်ကလေးက နားရွက်ထောင်၊ ပညာရှိယောင်ဆောင်တွေ လာလုပ်မနေစမ်းပါနဲ့ ဆောရီးပဲ' ဆိုတဲ့စကားမျိုးက လျှောခနဲ ထွက်ကျလာမှာ။

ခုတော့ 'သက်ပြင်း'။ ခေါ်တာကိုက 'သက်ပြင်း' ချတာတဲ့။ အသက်ဝိညာဉ်ကို၊ ဒါမှမဟုတ် ဝေဒနက္ခန္ဓာကို ပြင်းပြင်းထန်ထန်ကြီး ချထည့်လိုက်တာပဲ။ အင်္ဂုလိမာလသုတ်တော် မြန်မာပြန်ထဲမှာပါသဗျ။ 'ချစ်နှမ… ငါသည် အကြင်အခါမှစ၍ အရိယာသူတော်စင်ဖြစ်၏။

mgyoe.com

mgyoe.com


ထိုအခါမှစ၍ သတ္တဝါတို့၏အသက်ကို ချဖူးသည်ဟူ၍ ငါမသိ' တဲ့။

အဲဒီတုန်းက သူချလိုက်တဲ့သက်ပြင်းဟာ ခန္ဓာငါးပါးစလုံးကို တအိအိ ပြိုဆင်းပျက်စီးအောင် ချထည့်လိုက်တာပဲ။ မြန်မာ့ရိုးရာပုံပြင် တစ်ပုဒ်ထဲက စကားလို 'ဟ...တယ် ဆော်ပါလား' ဆိုတာမျိုးပေါ့ဗျာ။

တအိအိဗျ နော။ ဝုန်းခနဲပြိုတာ မဟုတ်ဘူး။ မြစ်ရေအတိုက်အစား ခံရတဲ့ သဲကမ်းပါးတွေ တွေ့ဖူးသလားမသိဘူး။ ချက်ချင်းပြိုတာမဟုတ် ဘူး။ တရွေ့ရွေ့၊ တအိအိ တစ်စချင်း၊ တစ်မှုန်ချင်း ပြိုကျတာ။ တော်ကြာ လျှောခနဲ တော်ကြာလျှောခနဲ။ တတ်လည်းတတ်နိုင်ပါပေရဲ့ဗျာ။ ချီးကျူး ပါတယ်ဗျာ။ လေးစားပါတယ်ဗျာ။ ဂုဏ်မြောက်လှပါပေတယ်ဗျာ။ ရသ မြောက်လှပါပေရဲ့ဗျာ။ ရုဒ္ဒ၊ ဒါမှမဟုတ် ကောခရသလို့ခေါ်ကြောင်း မှတ်သားဖူးပါသဗျ။ ရက်စက်ကြမ်းကြုတ်တာကို ရသမြောက်အောင် ဖွဲ့ဆိုရင် ရုဒ္ဒ (ကောခ) ရသမြောက်သတဲ့။..ဆရာကြီး ဦးသော်ဇင်ကမိန့် သဗျ။

ဟုတ်ပါ့။ သူ့ရက်စက်ကြမ်းကြုတ်မှုဟာ ရသမြောက်လှပါပေ တယ်။ ခေါင်းကလေးငိုက်၊ မျက်စိလေးမှေး၊ နှုတ်ခမ်းလေးစေ့၊ မြေပြင်ကို မမြင်ဘဲကြည့်၊ သက်ပြင်းကြီးမှုတ်။ ဘာစကားလုံး၊ ကဗျာတစ်ပိုဒ် စာတစ်ကြောင်းမှမပါဘဲ အက်တင်နဲ့ နှာထည့်လိုက်တာ၊ တစ်သက်စာ ဖူလုံသွားပါရောဗျာ။ ဒီအချိန်ကလေးကိုလေ ဆရာတော် ရှင်အဂ္ဂသမာဓိ ရဲ့ ငရဲခန်းပျို့ နိဂုံးစာသားလေးနဲ့ ဖော်ပြချင်ပါသဗျာ။

လွန်ရှာစနိုး၊ ကာလဆိုးကို
ကြိုးတပြီးကား၊ သံရှင်ဓားနှင့်
လွှားလွှားစဉ်ကျ၊ ဖြတ်ချင်လှ၏။

ဘယ်လောက်ကောင်းလိုက်တဲ့ တင်စားမှုလဲဗျာ။ လွန်နိုး လွန်နိုးနဲ့ ဖြစ်နေတဲ့ ကာလဆိုးဆိုတဲ့အချိန်ကို အလွန်ထက်လှစွာသော သံမဏိ

mgyoe.com

mgyoe.com


စားနဲ့ လွှားလွှားစဉ်ကျအောင် ဖြတ်ပစ်ချင်လှပါတယ်တဲ့။ အချိန်ကို စားထက်ထက်နဲ့ တိခနဲနေအောင် ဖြတ်ပစ်ချင်သတဲ့ဗျာ။ ဘယ်လောက် လှသလဲ။ အဲဒါလည်း ရုဒ္ဒ(ကောဓ) ရသမြောက်တယ်လို့ ဆရာကြီး ဦးသော်ဇင်က 'ရသစာပေ'ဆိုတဲ့ စာအုပ်ထဲမှာ ရေးထားသဗျ။

ကဲ... မရဲ့ငြင်းပယ်မှု နိဂေးရှင်းကတော့ ရုဒ္ဒရသမမြောက်ပေဘူး လား။ စကားတစ်လုံးမှမပါဘူး။ သက်ပြင်းရှိုက်တာလေးပဲ။ ရုဒ္ဒရသတင် မကဘူးဗျာ။ ရသကိုးပါး အားလုံးပါတယ်လို့ ထင်သဗျ။ ဋ္ဌာယီဘာဝလို့ ခေါ်သတဲ့ဗျာ။

'ချစ်ခြင်း သိင်္ဂါရ၊ ရယ်စရာကောင်းခြင်း ဟဿ၊ သနားကြင်နာ ခြင်း ကရုဏာ၊ ကြမ်းကြုတ်ရက်စက်ခြင်း ရုဒ္ဒ။ ရဲရင့်ခြင်း ဝီရ။ ကြောက် စရာကောင်းခြင်း ဘယာနက။ စက်ဆုပ်စရာကောင်းခြင်း ဝိဘစ္ဆ။ အံ့သြ ခြင်း အဗ္ဘုတ။ ငြိမ်သက်တည်ကြည်ခြင်း သန္တ'။

အကုန်လုံးဟာ အဲဒီ သက်ပြင်းရှိုက်သံလေးထဲမှာပါတယ်။ ဒီလိုနဲ့ နေလာလိုက်ကြတာ။

## အတိတ်မှ နိုးထစ

ကျွန်တော် သတိပြန်လည်လာတော့ အိမ်ရှေ့ရောက်နေပြီ။ သားက ကျွန်တော့်ကို အိမ်ရှေ့မှာပဲထားခဲ့ပြီး "စာတ်ဆီထည့်ဦးမယ်၊ လက်ဖက် ရည်ဆိုင်လည်း ခဏသွားမယ် ဖေဖေ" လို့ပြောပြီး ထွက်သွားလေရဲ့။

အိပ်မက်ဆိုးကနေ ချောက်ချောက်ချားချား ယောင်တောင်တောင်နဲ့ လန့်နိုးလာသလို အိမ်ထဲဝင် ခဏထိုင် စာအုပ်တစ်အုပ်ယူ စိတ်မပါဘဲ ဟိုလှန်ဒီလှော်ကြည့်။ မျက်စိထဲမှာတော့ ဟိုး... ရှေးရှေးတုန်းက သူ့ရဲ့ ခေါင်းငုံ့၊ မျက်လွှာချ၊ မြေပြင်ကို အစိပ္ပာယ်မဲ့ကြည့်၊ ရီဝေစွာ သက်ပြင်းချ။

အဲဒီပုံလွှာက နှလုံးသားဒစ်ဂျစ်တယ်ဒေတာ (ဟာဒ်ဒစ်စ်)ထဲ ထည့်

mgyoe.com

mgyoe.com


သိမ်းပြီး ပြန်ခေါ်ဖွင့်ကြည့်သလို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား စကင်လုပ်ပြီးသား ပြန်ပြန်ပေါ်နေပါတယ်။ ဖျတ်ခနဲ ဖျတ်ခနဲ ဖျတ်ခနဲ ဒစ်ဂျစ်တယ်ကင်မရာနဲ့ရိုက်ပြီး စကရင်ပေါ် တစ်ကွက်ချင်း တင်ကြည့်မိသလိုပါပဲဗျာ။ ကျွန်တော့်ကို ဖျတ်ခနဲကြည့်လိုက်တာ၊ ငုံ့လိုက်တာ၊ မျက်စိမှေးလိုက်တာ၊ မြေပြင်ကိုမကြည့်ဘဲ ကြည့်ယောင်ဆောင်တာ၊ သက်ပြင်းရှူတာ၊ ခေါင်းကို တစ်ကွက်ချင်းခါတာ၊ သက်ပြင်းချပုံ အဆင့်ဆင့်။

ဟာဒယနှလုံးအိမ်မှာ ကိန်းအောင်းနေတဲ့ အနုသယဓာတ်ဟာ ဆိုးလှပါလား။ ဒါမှမဟုတ် ကျွန်တော် ပေါလှပါလား။

သတင်းစာတစ်စောင်တွေ့တာနဲ့ ကောက်ဖတ်မိတယ်။ မျက်နှာဖုံးသတင်းဖတ်တယ်။ ကျန်တဲ့သတင်းတွေကို ဖတ်မယ့်သာဖတ်နေပေမယ့် စိတ်မဝင်စားမိဘူး။ အဲဒီနောက် နာရေး။ ကော်လံတိုင်း လိုက်ကြည့်နေမိတယ်။ ဟုတ်သလေ... ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ နာရေးဆို သိမှကောင်းမှာပေါ့။ 'အင်း... ငါ့နာမည်လည်း ဘယ်တော့ နာရေးကြော်ငြာထဲ ပါမလဲမသိဘူး' တရားရမိသလိုလိုတော့ ဖြစ်သား။ ခဏပါလေ။ ခွေးမြီးကောက် ကျည်တောက်စွပ်ကောင်းပဲဟာ။

ဟာ... မ နာမည် နာရေးထဲပါလာတယ်။ ကျွန်တော့်ရင်ထဲ ဒိန်းခနဲဖြစ်သွားတယ်။ အသက်ကို ကြည့်လိုက်တယ်။ တော်သေးရဲ့။ ၆၂ နှစ်တဲ့။ မဟုတ်နိုင်ဘူး။ ဒါပေမဲ့ အသက်ငယ်ငယ်နဲ့ အလုပ်ဝင်တော့ မွေးသက္ကရာဇ် ဖြို့ထားနိုင်တယ်။ ဒါကြောင့် အဲဒီနာရေးကို စေ့စေ့စပ်စပ် ဖတ်လိုက်ပါတယ်။ မရဲ့ မိဘနာမည် မမှတ်မိတော့ဘူး။ မရဲ့အစ်မ နာမည်ပဲ မှတ်မိတာ။ ဒါကြောင့် မည်သူတို့၏ ညီမဆိုတာကို လိုက်ရှာရတယ်။ ပြီးတော့ ရာထူးကိုလည်း စေ့စေ့စပ်စပ်ရှာရတယ်။

တော်ပါသေးရဲ့။ မ မဟုတ်ဘူး။ မ သက်ရှိထင်ရှားရှိတုန်းပဲ။

mgyoe.com

mgyoe.com



အဘွားကြီးတော့ ဖြစ်ပြီပေါ့။ မြေးတောင်ရလောက်ရောပေါ့။ ကျန်းမာပါစေ၊ အသက်ရှည်ပါစေ။ မ မှတ်မိလား။ မ ရှေ့ကနေ "မမ လာနေတယ်၊ ဘေးဖယ်ကြ" ဆိုပြီး လမ်းရှင်းပေးခဲ့တဲ့ကောင်၊ ကျော်ဟန်မြင့်လေ။ ဒီငတိက ခု မြေးလေးယောက်ရဲ့အဘိုးဖြစ်နေပြီ။ ကျွန်တော့်ကလေးတွေက သူတို့စီမံကိန်းနဲ့သူတို့မို့ ကျွန်တော် မြေးမရသေးတာ။ ကျွန်တော့်နာရေးလည်း ဒီနေ့လား၊ မနက်ဖြန်လား ဘယ်တော့လဲမသိ။

အင်း...

ဇာတိပိဒုက္ခာ (အဖန်ဖန်) ပဋိသန္ဓေနေရမှုသည် ဆင်းရဲ၏။

ဇရာပိဒုက္ခာ (အဖန်ဖန်) အိုရမှုသည် ဆင်းရဲ၏။

ဗျာဓိပိဒုက္ခော (အဖန်ဖန်) နာရမှုသည် ဆင်းရဲ၏။

မရဏံပိဒုက္ခံ (အဖန်ဖန်) သေရမှုသည် ဆင်းရဲ၏။

ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော– ချစ်ခင်နှစ်သက်အပ်သူတို့နှင့် ကွေကွင်းခွဲခွာရမှုကြီးသည်လည်း ဆင်းရဲ၏။

ယံပိစ္ဆံနလဘတိ တံပိ ဒုက္ခံ–အကြင်တောင့်တ အလိုရှိခြင်းကိုလည်း မရ။ ထိုလိုအင်ဆန္ဒဖြင့် တောင့်တတိုင်း မရမှုကြီးသည်လည်း ဆင်းရဲ၏။

**လယ်တီဆရာတော်**

ကြားဖူးနားဝနဲ့သာ ညည်းလိုက်မိတာပါ။ ဘာမှသိတာ မဟုတ်ပါဘူး။ ကျွန်တော် 'မ' အချစ်ကို လိုချင်တယ်။ မရဘူးဗျာ။ လွမ်းတယ်။ ပုဂံလေနဲ့ပြောရင် 'လိုဝ် ရယ်အရသောဆိုဝ်ငြယ်'ပေါ့။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခဏမေ့ပြီး လွမ်းကြည့်ရတာတော့ ကောင်းသားဗျ။ မယုံ လွမ်းကြည့်ကြပါ သူငယ်ချင်းတို့။

mgyoe.com

mgyoe.com



ပစ္စုပ္ပန်တည့်တည့်

"အဖေ ထမင်းစားစို့လေ"

ကျွန်တော့်ဇနီး ခေါ်နေပြီဗျို့၊ ရပ်လိုက်တာ ကောင်းလိမ့်မယ်။ မိန်းမရိုသေ အသက်ရှည်တဲ့။

၀

mgyoe.com

mgyoe.com

## သုရှင် နှလုံးကွဲချေသည်

'တစောင်းနေနှင့်၍ ဆင်ဦးအလွန်ကို 'ဖျည်းနွဲ့' ထွက်၍တိုက်လေ၏။ 'သုရှင်' ဆင်စွယ်ဖုံးကို ထိုးမိလျှင် ဆင်ချင်းပူးလျက် ရှိသည်။ ဖျည်းနွဲ့က ဓားနှင့်ခုတ်မည်ဟု ဓားကိုချွတ်သည်။ ဓားမကျွတ်သောကြောင့် ချွန်းသီးနှင့်ရိုက်၍ သုရှင် နဖူးကွဲချေသည်။'

*

'သုရှင်လည်း ဖျည်းနွဲ့အဆုတ်ကို ထပ်၍တိုက်ပြန်သည်။ တွန်းဖော့ ဖော့၍ ဖျည်းနွဲ့ဆင် လဲလေ၏။ ချွန်းသီးနှင့် ရိုက်တော်မူသည်။ ဖျည်းနွဲ့ နားပြတ်လေသည်။

**ရာဇဓိရာဇ်အရေးတော်ပုံ**

**ဝန်ကြီးဗညားဒလ**

*

(က) အချစ်ဆိုတာ စီးချင်းတိုက်ပွဲပဲ။ မနိုင်ရင်ရှုံး၊ မရှုံးရင်နိုင်။ အချစ်မှာ သူမနာ၊ ကိုယ်မနာ သရေပွဲဆိုတာမရှိဘူး။ ပူးတွဲချန်ပီယံလည်း

mgyoe.com

mgyoe.com


မရှိဘူး။

(ခ) သန့်စင်ကြည်လင်တဲ့ 'မေတ္တာ' မှာတော့ ရှုံးသူမရှိဘူး။ နှစ်ယောက်စလုံး နိုင်တယ်။

(ဂ) တပ်မက်မှုမပါတဲ့ 'မေတ္တာ'နဲ့ မောင်တို့နှစ်ယောက်စလုံး အနိုင်ယူကြရအောင်နော် '....'။

## 'သုရှင်' နှလုံးကွဲချေသည်

(သုရှင်ဆိုတာသူလား၊ ကျွန်တော်လား မသေချာပါဘူး။ ဒါကြောင့် ကျွန်တော့်နှလုံးကွဲတာလား၊ သူ့နှလုံးကွဲတာလား မသေချာပါ)

စာဖတ်သူ လူကြီးမင်းခင်ဗျား...

ကျွန်တော် မနေနိုင်မထိုင်နိုင်နဲ့ စိတ်ကူးယဉ် အချစ်ဇာတ်လမ်း တစ်ပုဒ် ရေးလိုက်ပါတယ်။ စိတ်ကူးယဉ်တာပါခင်ဗျား။

စာဖတ်သူ လူကြီးမင်းအနေနဲ့ ဒီဝတ္ထုလေးဖတ်ပြီး အတန်အသင့် အပျင်းပြေမယ်ဆိုရင် ရေးရကျိုးနပ်ပါပြီ။ အပျင်းပြေ အပျော်ဖတ်ဝတ္ထုလေးပါပဲခင်ဗျား။

လူကြီးမင်း ဖတ်ကောင်းဖတ်မိမှာဖြစ်တဲ့ 'လို၍မရသော ဆင်းရဲ' ဝတ္ထုရဲ့ နောက်ဆက်တွဲဆိုရင်လည်း မမှားပါဘူး။ အဲဒီဝတ္ထုဟာလည်း စိတ်ကူးယဉ် အပျော်ဖတ်ဝတ္ထုလေးပါပဲ။

အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်က ဖလော်ဆော်ဖီပါမောက္ခ Dr. Irwin Edmond ရဲ့ သဘောထားအရဆိုရင် 'စာဖတ်သူ သို့မဟုတ် အနုပညာဟုဆိုကြသော ပစ္စည်းတစ်ခုခုကို ကြည့်ရှုနားဆင် စသဖြင့် အာရုံခံစားလိုက်တဲ့အခါ ခံစားမှု Emotion လေး တစ်ခုတော့ရသင့်တယ်' လို့ ပြောပါတယ်။

ဒီတော့ ဒီကျွန်တော့်စိတ်ကူးယဉ်ဝတ္ထုလေးကို ဖတ်မိပြီး အိမိုးရှင်း

mgyoe.com

mgyoe.com


လေးတစ်ခုခုရမယ်ဆိုရင် ကျွန်တော် ဝမ်းသာဂုဏ်ယူပါ့မယ်။ အပျင်းတော့ ပြေမယ်ထင်ပါရဲ့။

ရိုသေလေးစားသော
မောင်ဝဏ္ဏ

၀

mgyoe.com

mgyoe.com

**၁။ စကတည်းက**

ခင့်ကို စပြီးစိတ်ဝင်စားမိတာ ခင့်ရဲ့ကျော့ပြင်လှလှကလေးကိုပါ။ ခင် စာသင်တော့ သင်ပုန်းရှည်ကြီးဘက်လှည့်ပြီး ပဝါလေး ကပိုကရို လွှမ်းခြုံရင်း မြေဖြူနဲ့ စာတွေရေးနေတာ သိပ်သိပ်လှပေါ့။ (ထင်တာပဲလေ)

**၂။ ဒေါ်မာမာခင် ခင်ဗျား (နာမည်ပြောင်းထားတာက ခင်ဗျားတို့အသိုင်းအဝိုင်း စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ ခွင့်လွှတ်နော်ာ)**

ပြီးတာတွေလည်း ပြီးခဲ့ပါပြီ။ အခု အသက်လည်းရနေကြပြီ။ ဒါကြောင့် အရင်းအတိုင်း ရေးလိုက်ပါတယ်။ ဒီအသက်အရွယ်ရောက်မှတော့ ရင်ထဲမှာ တစ်စုံတစ်ရာ ထိခိုက်ခံစားရလိမ့်မယ်လို့ မထင်ပါဘူး။ (ခံစားရတယ်ဆိုရင်လည်း ဩော်... မှတ်တော့မှတ်မိသေးသကိုးလို့ပဲ ယူဆလိုက်ပါ့မယ်) ခင်ဗျားကတော့ အောင်နိုင်သူလို ခပ်ထေ့ထေ့ ပြုံးနေမှာပေါ့လေ။ ဒါပေမဲ့ ဒဏ်ရာတစ်ချက်မှမရဘဲ မနိုင်နိုင်ပါဘူးဗျာ။ တကယ်လို့ မကျေနပ်တာရှိရင် တစ်နေရာမှာ နှစ်ယောက်တည်းတွေ့ကြပြီး ကျွန်တော့်ကို ဆူပါ၊ ကြိမ်းပါ။ ရိုက်ပါ။ ခင် ပေးခဲ့တဲ့ဒဏ်ရာဟာ နားရင်းရိုက်တာထက် အဆရာထောင်သာပါတယ်။ ခင့်မှာတော့ ဘာဒဏ်ရာရခဲ့သလဲ မသိဘူး။ စကတည်းက ခင်က ကျွန်တော့်ကို

mgyoe.com

mgyoe.com



ချစ်တာမှမဟုတ်ဘဲ 'ဟုတ်တယ်ဟုတ်'။ ခုဆက်ရေးမယ့် အကြောင်းတွေနဲ့ပတ်သက်ပြီး တတ်နိုင်သမျှ လမ်းလွှဲထားတယ်။ ဒါတောင်မှ ခွင့်မလွှတ်နိုင်ဘူးဆိုရင်လည်း ဖုန်းလှမ်းဆက်ပြီး နင်ပဲဆကြိမ်းမောင်းပါ။ (ဖုန်းနံပါတ်–ဝ၁–၅၇၉၁၄၄၊ ဝ၄၅–ဝ၁–၅၇၃၅၈၅–၂၇၄) မကျေနပ်သေးရင်လည်း လူကွယ်ရာမှောင်ရိပ်ကို တစ်ခါတုန်းကလို ခေါ်သွားပြီး နားရင်းအုပ်ပေါ့။ ခင့်မှာ ကျွန်တော့်ကို ဆုံးမပိုင်ခွင့်ရှိတယ်လေ။ မဟုတ်ဘူးလား။ တစ်ခုတော့ သတိထားပေါ့၊ ကျွန်တော့်ကို နားရင်းအုပ်ရင်း ခင့်လက်ဝါးနုနုလေး မနာအောင်တော့ ချင့်ချိန်ရိုက်ပေါ့နော။

အမှတ်တရ

မောင်... အဲ... မောင်ဝဏ္ဏ

P.S.ခင် သဘောပေါက်ထားဖို့က ကျွန်တော့်ငယ်ချစ်ဦးကို ခင်ကျော် မတက်နိုင်ခဲ့ပါဘူး။ ငယ်ချစ်ဦးကြောင့် ပဲ့ရွဲ့ပြီး အနှစ်မဲ့တဲ့ နှလုံးသားကို ကြံရည်ကြိတ်စက်ထဲ ထည့်ညှစ်သလောက်ပါပဲ။ ဒါမှမဟုတ် ပြည်တည်ပြီး မြုံနေတဲ့အနာစိမ်းကို မီးဖုတ် ပိုးသတ်ထားတဲ့အပ်နဲ့ ထိုးဖောက် ညှစ်ထုတ်လိုက်သလိုပါပဲ။ ကျွန်တော့်ကို စိမ်းကားပစ်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးအထင်ကြီးမနေပါနဲ့ ခင်ရယ် (ခွင့်လွှတ်နော်၂ ဟဲ ဟဲ)

မောင်

(ကောဇာ) ၁၃၆၆

တန်ဆောင်မုန်းလဆန်း ၆–ရက်

ဗုဒ္ဓဟူး (ရာဟု)နေ့၊ ရက်ရာဇာ

(နဂါးခေါင်းအရှေ့သို့လှည့်၏)

အနောက်ဘက်သို့ မသွားကောင်း။

mgyoe.com

mgyoe.com



၃။ ငဖူး 'လှထူး' မင်းကို ခွင့်မလွှတ်ဘူး

ခင့်ကိုစပြီး စိတ်ဝင်စားမိတာ ခင့်ရဲ့ကျောပြင်လှလှကလေးကိုပါ။ သူငယ်ချင်းလှထူး မင်းက အခုအငြိမ်းစားအရာရှိ ဖြစ်နေပြီပေါ့။ ဒါပေမဲ့ မင်းငယ်ငယ်က ချွန်တွန်းပို့လုပ်ခဲ့လို့ ငါ့မှာ တော်တော်ကြီး အီစလံ ဝေခဲ့ရတယ်။ (အဲဒါမျိုးနဲ့ပတ်သက်ပြီး ကိုခင်မောင်ချိုကိုလည်း ခွင့် မလွှတ်ဘူးကွ။ ဒီငတိက မြစ်ကြီးနားကောလိပ်မှာ ငါ့ကိုချွန်ပေးခဲ့ဖူး တယ်။ အဆင်းဘီးတပ် ဆီထည့်လိုက်ဖူးတယ်) ဒါကြောင့် မင်းတို့ကိုငါ တစ်သက်လုံးခွင့်မလွှတ်ဘူး။ ခင့်သတင်းကို စပေးတာ မင်းပဲ။ မင့်ဂေါက် ကျင့်တွေသိပေမဲ့ ငါကလည်း မဖြူခင် ပြုံချင်နေတဲ့ အင်ထုကန်ထရိုက် တိုက်လိုကောင်မို့ မင်းအပြစ်ချည်းပဲတော့ မဟုတ်ဘူးပေါ့ကွာ။ ငါကိုယ် တိုင်က ဝိပါက်ကြမ္မာငင်တော့၊ ရွှေညာဏ်ရှင် မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား ဆိုတဲ့ကောင်မျိုးပဲ။ ပွဲတွေ့အမှားတွေကလည်း များလှပြီ။ ငါဟာ လက်နှီး စုတ်လိုကောင်ပါကွာ။ လက်နှီးစုတ်ကို အိုးမဲသုတ်လို့ ဘာမှပိုမထူးပါ ဘူး။ သတိရသကွာ။

*

ဟုတ်ကဲ့၊ ခင် တကယ်လှတယ်လို့ စပြောတာ လှထူးပဲ။

တစ်နေ့မနက်ပိုင်း မာလာကဲင်တင်း ကိုအောင်ရင့်ဆိုင်ထိုင်နေတော့ လှထူးပြောတယ်။ "ဟော့ကောင် ညနေပိုင်း ကျူတိုရီယယ် တက်စမ်းကွာ" တဲ့။ ကျွန်တော်က အဲဒီညနေပိုင်း နည်းပြသင်တန်းတွေကို လစ်လေ့ ရှိတယ်။ ပထဝီဝင်ဌာနက မျက်နှာဝိုင်းဝိုင်း ကိုယ်လုံးဖိုင့်ဖိုင့်နဲ့ လက်ချာရင်း ကျူတာဆရာမတစ်ယောက် (နာမည်တော့ မေ့သွားတာ ခွင့်လွှတ်ပါ၊) ဆရာမကို 'ကျွန်တော်က အလုပ်တစ်ဖက်လုပ်ပြီး ကျောင်းစရိတ်ရှာ နေရလို့ မမအတန်းကို ပျက်မိတယ်၊ ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်၊

mgyoe.com

mgyoe.com



ကျွန်တော့်ဘက်က...' ဘာညာနဲ့ သနားအောင်လျှောက်ဖြီးခဲ့တယ်။ အဲဒီ မမ ဆရာမက ငဖြီးမှန်းသိပေမဲ့ 'အေးကွယ် ဒါဆိုလည်း မမ ကြည့်စီစဉ်ပေးပါမယ်။ လုံးဝတော့မလစ်နဲ့နော်' လို့ ညာတာထောက်ထားစွာ 'အလိမ်ခံ' ခဲ့ရှာပါတယ်။ အဲသလိုသိသိကြီး 'အလိမ်ခံ' ခဲ့သူ ဒေါ်ခင်စန်း၊ အစ်မတင်တင်ထွန်း၊ မရီရီမြင့်၊ အစ်ကိုသန်းအောင်လေးတို့လည်း ပါသပေါ့ဗျာ။ အဲ... တစ်လောက ဆရာကန်တော့ပွဲမှာ ပြန်တွေ့တော့မှ ပါမောက္ခဒေါ်ရီရီမြင့်က ကျွန်တော်နဲ့ သက်တူရွယ်တူတဲ့။ အဲ... ဆရာ (ဦး)သန်းအောင်(လေး)ကိုတော့ အမေရိကန်စင်တာမှာ တစ်လောကပြန်တွေ့ရတယ်။ ဝမ်းသာစရာပဲ။ နောက်ဆရာတစ်ယောက်က (ဆရာလေး) ဦးခင်မောင်ဒင်ပါ (ဆရာလေးလို့ခေါ်တာက ပါမောက္ခဆရာကြီး ဦးခင်မောင်ဒင်နဲ့ ကွဲပြားအောင်ပါ။ သာသနာ့နွယ်ဝင် မယ်သီလရှင်များနဲ့ မရောပါနဲ့ဗျာ) ကျွန်တော်တို့ကို ရေရေလည်လည် နားလည်ခွင့်လွှတ်ခဲ့ပါတယ်။ ပထဝီဝင်ဌာနက ဆရာ 'ချို' ဆိုလည်း ကျွန်တော့်ကို ညီလိုချစ်ခဲ့တယ်။

ကျွန်တော့်ဘောလ်ပင်ကလည်း တော်တော့်ကို ချော်တောငေါ့ပါတယ်ဗျာ (ခွင့်လွှတ်ပါ၆)၊ ဒေါ်မာမာခင်ဆိုတဲ့ နေရာကစပြီး ခွင့်လွှတ်ပါလို့ရေးတာ စတုတ္ထအကြိမ်ရှိသွားပြီ။ ပဉ္စမအကြိမ် ထပ်ရေးဦးမယ်။

ခင်ရေ...

ခွင့်လွှတ်နော်။

*

လှထူးက လက်ဖက်ရည်ဆိုင်မှာ "ဒီနေ့ညနေ ကျူတိုရီယယ်တက်ကွ"

ကျွန်တော်က "မင်းတို့ပဲ ကြည့်ရှင်းလိုက်ကွာ"

mgyoe.com

mgyoe.com


"မဟုတ်ဘူး ကျုပ်တာအသစ်တစ်ယောက် ဝင်တယ်ကွ၊ တကယ် လှတယ်"

"ဘာလဲကွ ဦးပုညရေးတဲ့ 'အမူမှာ ငါးခူရှုံးရ လဒ္ဒမုန့်ကျွမ်းသည့် သဏ္ဍာန်'လား"

"အေးလေ မင်းမယုံလည်း မတက်နဲ့ပေါ့"

စိုးမင်းက ဝင်ထောက်ခံတယ်။ "ဟုတ်တယ်ကွ... တို့မမတွေထဲမှာ အဲဒီမမ အလှဆုံးပဲ" ခင်မောင်ဇော် (နီတွတ်) ကလည်း "ဟုတ်တယ် ကွ"... တဲ့။

ကျွန်တော်က မင်းတို့လိမ့်တာ ငါမသိဘူးမှတ်နေလားပုံစံနဲ့ "လက်ဖက်ရည် ငါတိုက်မယ်ကွာ၊ ညနေ ကျုပ်တိုရီယယ်မှာ ငါ့အစား တစ်စောင်ပါဖြေပေး"

"မယုံလည်း နေပေါ့ကွာ"

အဲဒီငတိတွေက ချောက်ချတဲ့ဘက်မှာ ချန်ပီယံတွေခင်ဗျ။ ဒါပေမဲ့ ချောက်မချတတ်တဲ့ ခင်ဇော်က 'ဟုတ်တယ်' လို့ ထောက်ခံတော့ ဟုတ် ဟုတ် မဟုတ်ဟုတ် အဲဒီနည်းပြတန်း တက်ကြည့်တာပေါ့လို့ ဆုံးဖြတ် လိုက်ပါတယ်။

## (၄) ငရဲအိုးထဲ ဒိုင်ဗင်ထိုးချခြင်း

ကျွန်တော်တို့ သူငယ်ချင်းတစ်စုဟာ ဒီဖဲင်းဒင့် နောက်တန်းသမား တွေခင်ဗျ။ စာသင်ခန်းမှာ ဘယ်တော့မှ ရှေ့ဆုံးခုံရအောင် မဦးဘူး။ နောက်ဆုံးခုံရဲ့နောက်မှာ နံရံပဲရှိလို့။ နံရံမရှိရင် ထပ်နောက်ဆုတ်ဦးမှာ။ အဆဲမ်ဘလီတို့ သီရေတာတို့ဆိုရင် ဆရာတွေကိုယ်တိုင်က "ဟော့... နောက်တန်းလူတွေ ရှေ့တက်ကြကွာ" ပြောယူရတဲ့အထိ နောက်တန်း သမားတွေပါ ခင်ဗျ။

mgyoe.com

mgyoe.com


အဲဒီနေ့ညနေကတော့ ကျွန်တော်တို့ (ဘလဲင်ဒါ) အလယ်တန်းလူ တက်လုပ်ကြပါတယ်။ ကျောင်းသူတွေ နောက်ကပ်လျက်မှာ နေရာယူကြပါတယ်။ ကျူတာလာပါပြီ။ အသက်ငယ်ငယ်နဲ့ ဂုဏ်ထူးတန်းတက် ထားတယ်။ (B.A Hons.) ပေါ့ဗျာ။ အဲ... လှထူးက 'ဟွန်းမတီးရ' လို့ ပြောလေ့ရှိတယ်။ ခင်က အဲဒီတုန်းက ဘီအေသြနပ်စ်ခင်ဗျ။

အသက်ကငယ်တော့ ပြင်သစ် နောက်တွဲဆံထုံး ထုံးထားတယ်။ ရင့်ကျက်အောင်ပေါ့ဗျာ။ ပဝါလေးက ပန်းရောင်လေး။ ဒီတစ်ခါတော့ လှထူး နောက်တာမဟုတ်ဘူး။ သူ့ကို မြင်မြင်ချင်းပဲချစ်မိတယ် ဖြစ်သွားပါတယ်။

ခု ဒီစာရေးနေတာ (ကောဇာ) ၁၃၆၆ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ခင်ဗျ။ ဆောင်းဦးပေါ့။ ကျွန်တော့်ခြံဝင်းလေးထဲက သရက်ပင်ပျို လေးအောက်မှာ ထိုင်ရေးနေတာ။ ကျွန်တော့်ရှေ့မှာ ကျွန်တော့်ဇနီး စိုက်ထားတဲ့ Kiss Me Quick ပန်းအိုးကလေးတွေရှိတယ်။ အပွင့်ကလေးတွေက ဝါဖျော့ဖျော့ နီကြင်ကြင် (ရှားပါးမျိုးပါ)၊ ဆူးခက်တွေကတော့ သိတဲ့အတိုင်း ကြောက်စရာကောင်းအောင် များတယ်။

ငယ်ငယ်က စိုးမင်းနဲ့ စပ်တူရေးခဲ့တဲ့ ကဗျာတစ်စ ပြန်ပေါ်လာတယ်။

'သိပြီ သိပြီ

မငြိမိက

နှင်းဆီဆိုတာ... ဆူးနဲ့ပါ...'

ကဗျာက အရှည်ကြီးပဲ။ ဒါပေမဲ့ အဲဒီလောက်ပဲ မှတ်မိပါတော့တယ်။ (ကျွန်တော်တို့က ကဗျာရေးတာတောင် တစ်ပုဒ်တည်းကို စပ်တူရေးတာဗျ။ ဖက်စပ်နီယိုပို့စ်မော်ဒန်ပေါ့ ဟဲ...ဟဲ)

mgyoe.com

mgyoe.com


## ၅။ ဒီလိုနဲ့နေလာလိုက်ကြတာ

တခြားအတန်းတွေ လစ်လို့ရတိုင်းလစ်ပြီး ခင့်အတန်းကိုတော့ ဘယ်တော့မှမလစ်ဘူး (ဆိုပါတော့)။ စာတွေရှင်းပြနေတာ နားထဲမဝင်ဘူး။ ခင့်လှုပ်ရှားမှုမှန်သမျှ မျက်စိထဲကမထွက်အောင် လိုက်ကြည့်နေတာ။ ခုတောင် မျက်စိမှိတ်ထားလိုက်ရင် သူ့ဟန်ပန်လေးတွေ ပြန်မြင်ယောင်သေး။

သင်ပုန်းရှည်ကြီးမှာ စာရေးခါနီး သူ့ခါးသားလေးမပေါ်အောင်၊ အင်္ကျီသားလေးမပေါ်အောင် အင်္ကျီစကို ဆွဲချသယောင်ယောင်လုပ်ရင်း မြေဖြူကို ဖွဖွလေးကိုင်ပြီး ရေးဟန်လေးတွေ။

ပဝါလေးကို လက်မောင်းမှာချိတ်ထားရင်း ကြိမ်ခြင်းလေးဆွဲပြီး နွဲ့နွဲ့လျလျ လျှောက်ပုံလေးတွေ။

ကံ့ကော်ပင်ပုရဲ့ ရွက်ဖျားလေးတွေကို ကလူသလို လှမ်းဆွဲရင်း တက္ကသိုလ် ဗဟိုစာကြည့်တိုက်အိုကြီးဘေး ကံ့ကော်ပင်ပုကလေးတွေအောက်က ဆရာကြီး ဒေါက်တာမောင်မောင်ခလက်ရာ ခုံတန်းပြာလေးတွေကြား ဖြတ်လျှောက်ရင်း ကျွန်တော့်ကို မမြင်ချင်ယောင်ဆောင်ပြီးမှ ကျွန်တော်ရှိရာ တည့်တည့်လျှောက်လာခဲ့ပုံလေးတွေ။ (ဆရာကြီးဒေါက်တာမောင်မောင်ခက တက္ကသိုလ်ကအတွဲတွေ ချုံခိုတာပျောက်အောင် လူမြင်သူမြင်မှာ ဣန္ဒြေရရထိုင်လို့ရတဲ့ ခုံတန်းပြာလေးတွေ စီစဉ်ပေးခဲ့တာဗျ) အိုလေ… အများကြီးပေါ့။ ရင်ခုန်လာပြီခင်ဗျ။ ခဏ နားပါရစေ။ (နှာသီးဖျားကို လေတိုးတယ်၊ ပြန်ထုတ်တယ် ၁၊ ၂၊ ၃၊ ၄၊ ၅)

အဲ… ရပါပြီ။

ကျွန်တော်က နည်းပြတန်းဖြေလွှာတွေမှာ ကဗျာတွေထည့်ရေးလို့ရေး၊ သူဖြေခိုင်းတာက တစ်မျိုး၊ ကျွန်တော် ထင်ရာစွတ်ဖြေနဲ့ အဲ… ရင်းနှီးသွားကြရော ဆိုပါစို့။

mgyoe.com

mgyoe.com



သူစာသင်ဖို့ ကျောက်သင်ပုန်းဘက်လှည့်ပြီဆိုရင် ကျွန်တော်တို့ နောက်တန်းသမား လေးငါးခြောက်ယောက် မတ်တတ်ထရပ်ပြီး ခင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်လေ့ရှိခဲ့တယ်ဗျ။ ခင် ပြန်လှည့်ခါနီးမှာ ဝုန်းခနဲ ထိုင်ချကြတာ။ သူကလည်း အပါးပဲဗျ၊ မသိဘဲနေပါ့မလား။ ပါးလိုက် သမှ ပဒုမ္မာပိတ်သားက 'မမ' 'မမ'လို့ ခေါ်ရလောက်အောင် 'လှပ်' နေ တာပဲ။ အဲသလောက် 'ပါး' တာကို ကျွန်တော် ကြိုတင်သိဖို့ကောင်း တယ်ဗျာ။ ဒါပေမဲ့။

သောကသျှောင် ထုံးချင်တဲ့ ကျွန်တော်ဟာ မောဟအမှောင် ဖုံးခဲ့ သပေါ့ဗျာ။ Love is blind ဆိုတာ ဒါကိုပြောတာထင်ပါရဲ့။ (ခုထိထင် တုန်းရှိသေး) အနုသယ ချစ်ကြိုးတွယ်မိတော့ သမုဒယအဖြစ်ဆိုး သွား တာပေါ့ဗျာ။

## ၆။ လေနှင်းဆီတဲ့...လေ

အဲ... ခင် ရှင်းပြတဲ့အထဲက 'လေနှင်းဆီ' လို့ အမိပ္ပာယ်ရတဲ့ လေထုအထပ်ထပ်အကြောင်းတော့ မှတ်မိနေသေးတယ်။ လေထုဟာ နှင်းဆီပွင့်ဖတ်တွေလို အထပ်လိုက် အထပ်လိုက် ထုနဲ့ထည်နဲ့ ဖြစ်လာပြီး နောက်...

နောက်တော့

မုန်တိုင်း ပေါ့ဗျာ။

နိမိတ်ဆိုတာ ဒါမျိုးဖြစ်လိမ့်မယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံး အကြိမ် ငယ်ချစ်ဦးကြောင့် ဟာရီကိန်းထက်ပြင်းတဲ့ မုန်တိုင်းမိသလို တတိယမ္ဘ သုံးကြိမ်မြောက်လည်း မုန်တိုင်းမိခဲ့တာ ခင့်ညွှတ်ကွင်းထဲမှာ ပါပဲ။ ကမ်းမမြင်၊ လမ်းမမြင် မိုးမှောင်ကျနေတဲ့ သမုဒ္ဒရာရေအလယ်မှာ ကျွန်တော်က ပန်းဖောင်ဖွဲ့မိတာကိုး။ အလွမ်းသောင်နဲ့ ငြိသွားတာပေါ့။

mgyoe.com